# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

**July 17, 2024** **Volume 80, Number 13**


၁၇.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၈၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၀၄.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၂၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၇၀၀ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## သုံးလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၃၄ သိန်းကျော်တင်ပို့မှုမှ ကန်ဒေါ်လာ ၁၇၅ သန်းရရှိ



သုံးလအတွင်း ပြည်ပသို့ဆန်နှင့်ဆန်ကွဲတန်ချိန် ၃၄ သိန်းကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်သည့်စာရင်းများအရ သိရသည်။

ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဧပြီလတွင် တန်ချိန် ၁၁၁၈၆၂ တန်တင်ပို့မှုမှ ဒေါ်လာ ၅၅ သန်း၊ မေလတွင်တန်ချိန် ၇၁၂၇၉ ဒသမ ၅ တန် တင်ပို့မှုမှ ဒေါ်လာ ၃၆ သန်းနှင့် ဇွန်လတွင်တန်ချိန် ၁၆၂၃၂၅ ဒသမ ၇၅ တန် တင်ပို့မှု ဒေါ်လာ ၈၄ သန်းရရှိထားပြီး စုစုပေါင်းဆန်နှင့်ဆန်ကွဲ ၃၄၅၄၆၇ ဒသမ ၃ တန်တင်ပို့မှုမှ ဒေါ်လာ ၁၇၅ သန်းရရှိကြောင်း ယင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဆန်တင်ပို့မှု အများဆုံးနိုင်ငံမှာ အင်ဒိုနီးရှားဖြစ်ပြီး ၅၃၈၀၈ တန် တင်ပို့ခဲ့ကြောင်း၊ ဆန်ကွဲတင်ပို့မှု အများဆုံးနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး တန်ချိန် ၃၃၀၃၇ တင်ပို့ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သန်းကျော် တင်ပို့ရန်လျာထားပြီး၊ မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ တစ်လလျှင် ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သိန်းမှနှစ်သိန်းခွဲခန့်၊ တစ်နှစ်လျှင်တန်ချိန် နှစ်သန်းဝန်းကျင် ပုံမှန်တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စာရင်းများအရသိရသည်။

**Source:** https://t.me/sdtimedaily

## အိန္ဒိယနှင့်ရုရှားတို့သည် စွမ်းအင်နှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ၂၀၃၀ ခုနှစ်တွင် ဒေါ်လာ ၁၀၀ ဘီလီယံ ကုန်သွယ်မှုရည်မှန်းချက်ပန်းတိုင်ကို ချမှတ်

အိန္ဒိယနှင့် ရုရှားနိုင်ငံတို့သည် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေးနှင့်ပေးချေမှု၊ စွမ်းအင်၊ စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံစသည့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုတို့ကို ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာဘီလီယံ ၁၀၀ ကျော်အထိ တိုးမြှင့်သွားရန် သဘောတူညီခဲ့ကြကြောင်း၊ ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီ တို့က ရုရှားနိုင်ငံ၊ မော်စကိုမြို့၌ ကျင်းပသည့် ၂၂ ကြိမ်မြောက် နှစ်ပတ်လည်ထိပ်သီးအစည်းအဝေးတွင် ယင်းသဘောတူညီချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး(Special and privileged strategic partnership)တစ်ရပ်ဖြစ်သည်ဟု ထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နှစ်နိုင်ငံအကြား အဓိကကဏ္ဍကြီး ၉ ခုတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြကြောင်း၊ ၎င်းတို့မှာ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေးဖြင့်ပေးချေရေး၊ မြောက်-တောင် သယ်ယူပို့ဆောင်ရေးစင်္ကြံ စသည့်လမ်းကြောင်းသစ်များဖြင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ လယ်ယာထွက်ကုန်၊ စားသောက်ကုန်နှင့် မြေသြဇာကုန်သွယ်မှု မြှင့်တင်ရေး၊ နျူစွမ်းအင်အပါအဝင် စွမ်းအင်ကဏ္ဍတွင် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အပြန်အလှန် အကျိုးပြုမှုများအားကောင်းစေရေး၊ ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍတွင် ပူးတွဲစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေး၊ ဆေးဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များအကြား ယူရေးရှားစီးပွားရေးသမဂ္ဂနှင့် အိန္ဒိယနိုင်ငံအကြား လွတ်လပ်သော စီးပွားရေးဒေသ (EAEU-India Free Trade Area) ထူထောင်နိုင်ခြေအပါအဝင် နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍတွင် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့်ဆက်စပ်သော အကောက်ခွန်မဟုတ်သော ကုန်သွယ်မှုဆိုင်ရာ အတားအဆီး များအား ဖယ်ရှားရေးတို့ကို သဘောတူညီခဲ့ကြကြောင်း သိရသည်။

**သဘောတူညီချက်၏ အဓိကအချက်များ**

အောက်ပါအချက်များကို အဓိကသဘောတူညီခဲ့ကြောင်းသိရသည်-

**ကုန်သွယ်မှုဆိုင်ရာအတားအဆီးများပပျောက်ရေး** - အကောက်ခွန်မဟုတ်သော ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို လျှော့ချရန်နှင့် ယူရေးရှားစီးပွားရေးသမဂ္ဂနှင့် အိန္ဒိယအကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီမှု(EAEU-India Free Trade Area) ထူထောင်နိုင်ရေးကို အလေးထားဆောင်ရွက်ရန်၊

**ငွေပေးချေမှုစနစ်**-ကုန်သွယ်မှုဆောင်ရွက်ရာတွင် ရိုးရှင်းလွယ်ကူမှုရှိစေရန်အတွက် နှစ်နိုင်ငံသုံး ငွေကြေးများဖြင့် ပေးချေနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

ကုန်သွယ်မှုလမ်းကြောင်းသစ်များ-မြောက်-တောင်စင်္ကြံနှင့် Chennai-Vladivostok ပင်လယ်ရေကြောင်းလမ်းကဲ့သို့သော လမ်းကြောင်းသစ်များဖြင့် ကုန်စည်စီးဆင်းမှုကို မြှင့်တင်ရန်၊

စိုက်ပျိုးရေးနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု-စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် နျူကလီးယားစွမ်းအင်နှင့် ရေနံသန့်စင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန်၊

အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး-သယ်ယူပို့ဆောင်ရေး၊ သင်္ဘောတည်ဆောက်ရေးနှင့် အာကာသကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများခိုင်မာစေရန်၊

**ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဆေးဘက်ဆိုင်ရာတိုးတက်မှုများ**- ဒစ်ဂျစ်တယ်စီးပွားရေးတွင် ပူးတွဲစီမံကိန်းများ မြှင့်တင် ဆောင်ရွက်ရန်နှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း- ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

**ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး**

ထိပ်သီးဆွေးနွေးပွဲအပြီး ပူးတွဲထုတ်ပြန်ချက်တွင် နှစ်နိုင်ငံခေါင်းဆောင်များသည် အကောက်ခွန်နှင့်မသက်ဆိုင်သော ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကိုဖယ်ရှားရန်နှင့် EAEU-India Free Trade Area ထူထောင်နိုင်ခြေအပါအဝင် ကုန်သွယ်ရေးဖြေလျှော့မှုဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆွေးနွေးသွားရန် ၎င်းတို့၏ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ပြီး အထူးရင်းနှီး မြှုပ်နှံမှုစနစ်များ အားကောင်းလာစေရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုအား ဟန်ချက်ညီစေရန်အတွက် အိန္ဒိယမှ ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေးအပါအဝင် ၂၀၃၀ ခုနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကျော်ရရှိရန် ကတိပြုထားကြောင်းလည်း သိရသည်။

**နှစ်နိုင်ငံငွေကြေးကိုအသုံးပြုရေး**

သဘောတူညီချက်၏ အဓိကကဏ္ဍတစ်ခုမှာ နှစ်နိုင်ငံငွေကြေးကိုအသုံးပြု၍ ကုန်သွယ်မှုတွင် ငွေပေးချေမှုဆောင်ရွက်နိုင်ရေးဖြစ်ကြောင်း၊ ယင်းအစီအစဉ်ဖြင့် အိန္ဒိယသည် ရုရှားနိုင်ငံမှတင်သွင်းသည့် ရေနံစိမ်းကဲ့သို့သော သွင်းကုန်များအတွက် အိန္ဒိယ ရူပီးငွေဖြင့် ပေးချေနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ရုရှားသည် အိန္ဒိယပို့ကုန်များအတွက်ပေးချေရန် ယင်းရူပီးငွေကို ပြန်လည် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ရုရှားရူဘယ်ငွေကိုလည်း ကုန်သွယ်မှုတွင် အပြန်အလှန် အသုံးပြုနိုင်မည် ဖြစ်ပါကြောင်းနှင့် ကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေးစနစ်များ အသုံးပြုနိုင်ရေးသည် ယခုပူးတွဲကြေညာချက်၏ အဓိက အစိတ်အပိုင်းဖြစ်ကြောင်း သိရသည်။

**ကုန်သွယ်မှုလမ်းကြောင်းများနှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများကို မြှင့်တင်ခြင်း**

မြောက်-တောင်အပြည်ပြည်ဆိုင်ရာသယ်ယူပို့ဆောင်ရေးစင်္ကြံ၊ မြောက်ပင်လယ်လမ်းကြောင်း (Norther Sea Route)နှင့် Chennai-Vladivostok ပင်လယ်ရေကြောင်းလိုင်းကဲ့သို့သော လမ်းကြောင်းသစ်များ ဖွင့်လှစ်ခြင်းဖြင့် ကုန်စည်စီးဆင်းမှု မြှင့်တင်ရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြကြောင်း၊ ထို့အတူ ဒစ်ဂျစ်တယ်စနစ်များမှတစ်ဆင့် ကုန်စည် ကုန်သွယ်မှုများ လွယ်ကူချောမွေ့စေရန်အတွက် အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း ထုတ်ပြန်ချက်တွင် အလေးပေးဖော်ပြခဲ့သည်။

**စိုက်ပျိုးရေးနှင့် စွမ်းအင်ကုန်သွယ်မှုကို မြှင့်တင်ရန်**

သဘောတူညီချက်တွင် နှစ်နိုင်ငံကုန်သွယ်မှု၌ လယ်ယာထွက်ကုန်၊ အစားအစာနှင့်ဓာတ်မြေဩဇာတင်ပို့မှုမြှင့်တင်ရန် အစီအစဉ်များပါဝင်ကြောင်း၊ ထို့အတူ အပင်ပိုးမွှားတိရစ္ဆာန်ကင်းရှင်းရေးဆိုင်ရာ ကန့်သတ်ချက်များနှင့် တားမြစ်ချက်များကို ဖယ်ရှားရေးကို နှစ်ဖက်စလုံးက အလေးထားဆွေးနွေးသွားရန် ရည်မှန်းထားကြောင်း၊ စွမ်းအင်ကဏ္ဍတွင် နျူကလီးယားစွမ်းအင်၊ ရေနံချက်လုပ်ခြင်းနှင့် ရေနံဓာတုဗေဒဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်နှင့် စွမ်းအင်အခြေခံ အဆောက်အအုံများ၊ နည်းပညာများနှင့် စက်ကိရိယာများတွင် ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း**

အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ သယ်ယူပို့ဆောင်ရေးအင်ဂျင်နီယာ၊ မော်တော်ကားထုတ်လုပ်ရေး၊ သင်္ဘော တည်ဆောက်ရေး၊ အာကာသနှင့်အခြားစက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ခြင်းကို နှစ်နိုင်ငံကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုမ္ပဏီလုပ်ငန်းခွဲများနှင့် စက်မှုအစုအဖွဲ့များ ဈေးကွက်ထဲသို့ အပြန်အလှန် ဝင်ရောက်မှုကိုလည်း လွယ်ကူချောမွေ့စေရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း**

နှစ်နိုင်ငံခေါင်းဆောင်များသည် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် နည်းပညာမြင့်ကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် ပညာရေး ဆိုင်ရာဖလှယ်မှုများနှင့် အလုပ်သင်များအပါအဝင် သိပ္ပံနှင့်သုတေသနကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန်၊ ကဏ္ဍ အသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန်နှင့် ပူးတွဲစီမံကိန်းများဆောင်ရွက်ရန် ကတိပြုခဲ့ကြောင်း၊ ထို့ပြင် ဆေးဝါးများနှင့် အဆင့်မြင့်ဆေးဘက်ဆိုင်ရာစက်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထောက်ပံ့ရေးတွင် စနစ်တကျပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ရုရှားနိုင်ငံတွင် အိန္ဒိယဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများ၏ ဌာနခွဲများဖွင့်လှစ်ဆောင်ရွက်နိုင်ရန်တို့ကို သဘောတူညီခဲ့ကြကြောင်း သိရသည်။

**လူသားချင်းစာနာမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း**

ထိပ်သီးအစည်းအဝေးသည် ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ အားကစား၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အခြားနယ်ပယ်များတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်ရန် အလေးပေးပြောကြားခဲ့ကြောင်း၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရုရှား-အိန္ဒိယအစိုးရတို့အကြားကော်မရှင်အား အဆိုပါဦးစားပေးကဏ္ဍများကိုလေ့လာပြီး နောက်တစ်ကြိမ်အစည်းအဝေးတွင် တိုးတက်မှုအခြေအနေကိုတင်ပြရန် နှစ်ဖက်စလုံးက ညွှန်ကြားခဲ့ကြောင်း ထုတ်ပြန် ကြေညာချက်တွင် ပါရှိသည်။

၂၂ ကြိမ်မြောက် အိန္ဒိယနှင့်ရုရှားနှစ်ပတ်လည် ထိပ်သီးဆွေးနွေးပွဲကို ဇူလိုင် ၈ ရက်မှ ၉ ရက်အထိ ရုရှားနိုင်ငံမော်စကိုမြို့၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ်နာရန်ဒြာမိုဒီတို့က လက်ရှိနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ၎င်းတို့၏မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ နှစ်နိုင်ငံစလုံး၏ ရေရှည်အကျိုးရှိသောအချက်များအပေါ်အခြေခံ၍ အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အလေးထားဆွေးနွေးခဲ့ကြောင်း သိရသည်။

**Source: India and Russia set $100 billion trade goa. By 2030, cooperation in energy, agriculture, The Economic Times, 9th July, 2024.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

**https://myantrade.gov.mm/**

## ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ ငါးမျိုးစုံ မက်ထရစ်တန် ခြောက်သောင်းကျော် တင်ပို့နိုင်

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ငါးမျိုးစုံ မက်ထရစ်တန် ခြောက်သောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောဆိုချက်အရ သိရသည်။

"၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဇွန်လ ၃၀ ရက် အထိ သုံးလတာကာလအတွင်း ပြည်ပကို ငါးမျိုးစုံ မက်ထရစ် တန် ၆၁,၃၇၂ ဒသမ ၇၄၂ တန် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၄၁၁ သန်းရရှိခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ သုံးလတာကာလအတွင်း ပြည်ပသို့ ငါးမျိုးစုံတင်ပို့မှု အနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၃၄,၇၄၂ ဒသမ ၄၅၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၇၅၉သန်း ရရှိခဲ့သည်။ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၂၆,၆၃၀ ဒသမ ၂၉ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆၅၂ သန်းရရှိသည့် အတွက် ပြည်ပသို့ ငါးမျိုးစုံ မက်ထရစ်တန် ၆၁,၃၇၂ ဒသမ ၇၄၂ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၄၁၁ သန်းရရှိခဲ့သည်။



ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူက ပြည်ပသို့ ငါးမျိုးစုံ မက်ထရစ်တန် ၃၅,၂၀၀ ဒသမ ၁၆၂ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၀၄ သန်း ရရှိခဲ့သည်။

ပြည်တွင်းမှထွက်ရှိသော ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

**Source:** https://myawady.net.mm/

## ဈေးကွက်တွင် နွေနှမ်းပေါ်ချိန် နှမ်းဈေးမြင့်တက်နေ

နွေနှမ်းပေါ်ချိန်အစ နှမ်းဈေးအနည်းငယ်မြင့် တက်လာကြောင်း ကုန်စည်ဒိုင်များနှင့် တောင်သူများထံမှ သိရသည်။ လက်ရှိ ဆောင်းနှမ်းအကုန် နွေနှမ်းစတင်ပေါ်ချိန်ဖြစ်ပြီး နွေနှမ်းများ စတင်စိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှုနည်းပါးခဲ့ပြီး ရိတ်သိမ်းချိန်တွင်လည်း ရာသီဥတုကောင်းမွန်သည့်အတွက် အထွက်နှုန်းများ ကောင်းမွန်ကြောင်းလည်း သိရသည်။

"နှမ်းဖြူနဲ့နှမ်းနက်ကို ပင်လယ်ရေကြောင်းကနေ တရုတ်ကိုတင်ပို့တဲ့အတွက် ရန်ကုန်ဝယ်လက်နဲ့လုပ်ငန်းသမား အဝယ်ပုံမှန်ရှိလို့ ဈေးမြင့်တယ်လို့ကြားတယ်။ ဈေးကွက်သဘောအရ စပေါ်ချိန်ဈေးတက်တယ်။ ထပ်ပြီး လှိုင်လှိုင်ပေါ်လာရင် ဈေးကျတယ်။ ပြီးရင် လက်ကျန်နည်းသွားရင်ပြန်ကျ၊ အဲဒီလိုပဲသွားကြတယ်" ဟု နှမ်းကုန်သည်တစ်ဦးက ပြောသည်။

မန္တလေးကုန်စည်ဒိုင်မှာ နှမ်းနက်စမုန် ၄၅ ပိဿာဝင် တစ်အိတ်ကို ငွေကျပ် ၄၅၅,၀၀၀ မှ ၅၀၀,၀၀၀ ကြားထိ ပေါက်ဈေးရှိပြီး တစ်အိတ်လျှင် ၅၀၀၀ မှ ၁၀,၀၀၀ အထိ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် နှမ်းဖြူ (ဂျပန်) မှာ ၄၅ ပိဿာဝင် တစ်အိတ်လျှင် ဇူလိုင် ၈ ရက်က ၃၉၀,၀၀၀မှ ၃၉၅,၀၀၀ ကျပ် အထိသာရှိပြီး လက်ရှိတွင် ၄၅ ပိဿာဝင် တစ်အိတ်လျှင် ၄၁၈,၀၀၀ မှ ၄၂၀,၀၀၀ အထိ အမြင့်ဈေးတွင်ရှိကြောင်း သိရသည်။

အောင်လံကုန်စည်ဒိုင်တွင် ဖုန်းဖြင့်ဝယ်ရောင်းဈေး နှမ်းနက် (A အက်စစ်မလွတ်) ၄၅ ပိဿာဝင် တစ်အိတ်လျှင် ၃၇၀,၀၀၀ မှ ၃၈၅,၀၀၀ ကျပ်ဖြင့် ရောင်းဝယ်ဖြစ်နေပြီး နှမ်းဖြူမှာ ဈေးနှုန်းအတိအကျ ဈေးဖွင့်ထားခြင်းမရှိကြောင်း သိရသည်။ ဈေးကွက်မှာ အရည်အသွေးရှိသည့် မိုးလွတ်အက်ဆစ်အောင်သည့်နှမ်းများကိုသာ အဓိကထားအရောင်းအဝယ်လုပ်ကြကြောင်း သိရသည်။

"လက်ရှိတော့ အရင်အပတ်ထက် ဈေးလေးတက်လာတယ်။ နှမ်းက အရည်သွေးကောင်းရင် ဈေးကောင်းရတယ်။ နှမ်းဈေးကွက်မှာက မိုးမမိတဲ့ အက်ဆစ်အောင်တဲ့နှမ်းတွေပဲ အရောင်းဝယ်ဖြစ်တာများတယ်" ဟု အောင်လံမှ နှမ်းကုန်သည်တစ်ဦးက ပြောသည်။ လက်ရှိနှမ်းဈေးနှုန်းမှာလည်း တစ်ပတ်ထက်တစ်ပတ် ပိုမိုကောင်းလာပြီး အရောင်းဝယ်ဖြစ်နေကြောင်း နွေနှမ်းစိုက်ပျိုးသည့် တောင်သူတချို့ထံမှ သိရသည်။

ယခု ဘဏ္ဍာနှစ် ၈ လအတွင်း ပြည်ပသို့ နှမ်းတင်ပို့မှုမှ ဒေါ်လာ ၅၅ သန်းကျော်သာရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ၁၅ ရာခိုင်နှုန်းကျော်လျော့ကျကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုကိုးကားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ ပြည်တွင်းတွင် ပုံမှန် နှမ်းထွက်ရှိမှုနှုန်းမှာ တစ်နှစ်လျှင် တန်ချိန် ၆ သိန်းမှ ၈ သိန်းထိ ထွက်လေ့ရှိကြောင်း သိရသည်။

မြန်မာ့နှမ်းကို တရုတ်နိုင်ငံ၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူနှင့်ထိုင်ဝမ်တို့ကိုလည်း တင်ပို့လေ့ရှိပြီး လက်ရှိတရုတ်နိုင်ငံတစ်ခုတည်းသာ အားထားတင်ပို့နေရကြောင်း ကျန်နိုင်ငံများသို့တင်ပို့ရန် အခက်ခဲများစွာရှိနေကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် နှမ်းကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အများအပြား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source: (AMIA)**

**https://htwettoe.com/download**

## မရှိမဖြစ် သုံးနေရသည့် ဆေးဝါးများကို ပြည်သူထံ တိုက်ရိုက်ရောင်းချမည်

ပြည်တွင်းဈေးကွက်နှင့် ပြည်သူများ မရှိမဖြစ် အသုံးပြုနေရသည့် ဆေးဝါးများကို ဇူလိုင် ၁၇ မှစတင်ကာ ဆေးကုမ္ပဏီများမှ တိုက်ရိုက်ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ အသိပေးကြေညာထားသည်။

ထိုကဲ့သို့ရောင်းချပေးခြင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှဦးဆောင်ကာ ပြုလုပ်ခြင်းဖြစ်သည်။

ဈေးကွက်အတွင်းလိုအပ်သည့် ဆေးဝါးများကို ရန်ကုန်မြို့၊ ကုန်သည်လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ ထိုသို့ရောင်းချပေးမှုကို ယနေ့ ဇူလိုင်လ ၁၇ ရက်မှစတင်၍ အပတ်စဉ် တနင်္လာနေ့မှစနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်များမှအပ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆေးဝါးများရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် ကျန်းမာရေးအတွက်လိုအပ်လျက်ရှိသည့် ဆေးဝါးများအား အဆိုပါဆေးရောင်းချပွဲတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း အသိပေးကြေညာထားသည်။

လက်ရှိတွင် ပြည်တွင်း၌ အများပြည်သူအသုံးများသည့် အိမ်သုံးဆေးဝါးများသည်ပင် ယခင်ထက် ဈေးနှုန်းမြင့်တက်နေကာ နာတာရှည်လူနာများ၏ မဖြစ်မနေ နေ့စဉ်သုံးဆေးဝါးများဖြစ်သည့် နှလုံး၊ ဆီးချို၊ သွေးတိုးရောဂါ ဆေးဝါးများသည်လည်း ဈေးနှုန်းကြီးမြင့်လျက်ရှိနေသည်။

မြန်မာ့ဆေးဝါးဈေးကွက်တွင် ၈၀ ရာခိုင်နှုန်းကျော်ကို ပြည်ပနိုင်ငံများမှ တင်သွင်းနေခြင်းဖြစ်ပြီး ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းကို ပြည်တွင်း၌ ထုတ်လုပ်နေခြင်းဖြစ်သည်။

**Source: Popular News Journal**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ထိုင်းဘောကျား စပါးတင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ထိုင်းဘောကျား စပါးအမျိုးအစား တင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာကပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ထိုင်းဘောကျား စပါးအမျိုးအစားတင်းရေ ၅၄,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ထိုင်းဘောကျား စပါးအမျိုးအစားတင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း သိရသည်။ “ဇွန်လအတွင်းက ထိုင်းဘောကျား စပါးတင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘောကျား အမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်တယ်။ ထိုင်းဘောကျားစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့မှု ကောင်းခဲ့တာဖြစ်ပါ တယ်” ဟု ဒေါ်မိုးသူဇာက ဆက်လက်ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘောကျားစပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁,၈၅၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်ရရှိလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲဇီးကွက် အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲဇီးကွက် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ယခင်က ပဲဇီးကွက်ကို ကုန်သည်များက ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း လက်ရှိတွင် ပဲဇီးကွက်ကို တရုတ်နိုင်ငံဘက်က ပြန်လည်ဝယ်ယူမှုများရှိလာကြောင်း၊ ထို့ပြင် ပြည်တွင်း၌လည်း ပဲဇီးကွက်များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်းသိရသည်။

“လက်ရှိအချိန်မှာ ပဲဇီးကွက်တွေကို တရုတ်နိုင်ငံအပြင် အိန္ဒိယနိုင်ငံကပါ ပြန်ပြီးဝယ်ယူမှုတွေရှိလာတယ်။ ပြည်တွင်းကလဲ ဝယ်ယူမှုများပြားလာတာကြောင့် ပဲဇီးကွက်က အရင်ကထက် အရောင်းအဝယ်ကောင်းမွန်နေပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ (၁၆-၇-၂၀၂၄) ပေါက်ဈေးအရ ပဲဇီးကွက်သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

“ပဲဇီးကွက်က မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်တဲ့ အမျိုးအစားတွေထဲက တစ်မျိုးအပါအဝင်ဖြစ်ပါတယ်။ အခု မန္တလေးဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ထဲမှာပါ ပဲဇီးကွက် အရောင်းအဝယ်ပြန်ပြီး ကောင်းမွန်နေပါတယ်” ဟု ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ဆက်လက်

ပြောပြ၍သိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## ဖိလစ်ပိုင်နိုင်ငံမှ ကြက်သွန်နီတင်သွင်းခွင့်ရပ်ဆိုင်းထားခြင်းအား ဩဂုတ်လအထိ သက်တမ်းတိုးမြှင့်

ဖိလစ်ပိုင်နိုင်ငံမှ ကြက်သွန်နီတင်သွင်းခွင့် ရပ်ဆိုင်းထားခြင်းသည် ယခုဇူလိုင်လတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ရှေ့ဩဂုတ်လအထိ သက်တမ်းထပ်မံ တိုးမြှင့်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ ၁၅-၇-၂၀၂၄ ရက်က ပြောကြားခဲ့သည်။ လက်ရှိကာလအထိ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ကြက်သွန်နီတင်သွင်းရန် မလိုအပ်သေးပါကြောင်းနှင့် လက်ကျန်ပမာဏအခြေအနေအား လစဉ်စောင့်ကြည့်ပြီး လိုအပ်သကဲ့သို့ သက်တမ်းတိုးမြှင့်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးမှ ပြောကြားခဲ့သည်။

ကြက်သွန်နီလက်ကျန်ပမာဏဖူလုံပြီး ရောင်းလိုအားများပြားနေသည့်အတွက် ဈေးနှုန်းကျဆင်းမှုများ မမြင့်မားစေရန် ကြက်သွန်နီတင်သွင်းမှုအား ၂၀၂၄ ခုနှစ်၊ မေလအထိ ရပ်ဆိုင်းထားကြောင်း ပြီးခဲ့သည့် ဇန်နဝါရီလက စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ထုတ်ပြန်ကြေညာချက်အား ဇူလိုင်လအထိ သက်တမ်းတိုးခဲ့ပြီးနောက် ယခုထပ်မံ၍ ဩဂုတ်လအထိ သက်တမ်းတိုးမြှင့်ခြင်းဖြစ်သည်။

ကြက်သွန်နီကုန်သည်များအနေဖြင့် ကြက်သွန်နီများကို သိုလှောင်ထား၍ ဈေးကစားခြင်းမပြုလုပ်ရန်နှင့် ဈေးကွက်တွင်းသို့ ဖြန့်ချိရန်လည်း သတိပေးထားပြီး ဈေးကွက်တွင်းကြက်သွန်နီ လက်ကျန်အခြေအနေအား နေ့စဉ် စောင့်ကြည့်လျက်ရှိသည်။ အကယ်၍ လိုအပ်ပါက ဈေးနှုန်းတည်ငြိမ်စေရန် ချက်ချင်းတင်သွင်းခွင့်ပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များအရ ၅-၇-၂၀၂၄ ရက်အထိ ကြက်သွန်နီ (Red Onions) မက်ထရစ်တန်ချိန် ၁၅၂,၈၃၉.၂၅ တန်နှင့် Yellow Onions မက်ထရစ်တန်ချိန် ၁၀,၆၀၄.၄၂ တန်တို့အား တင်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ကြက်သွန်နီလက်ကျန်ပမာဏသည် နောင်လာမည့် ၈ လခန့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလထိတိုင်အောင် လုံလောက်မှုရှိကြောင်း၊ စိုက်ပျိုးရေးဝန်ကြီးဌာန ဈေးနှုန်းစောင့်ကြည့်ရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ ၁၂-၇-၂၀၂၄ ရက်ရှိ ဈေးကွက်တွင်း ကြက်သွန်နီဈေးနှုန်း တစ်ကီလိုလျှင် ပီဆို ၈၀ ( ၅၆၀ ကျပ်ဝန်းကျင်ခန့်)၊ ကြက်သွန်ဖြူ တစ်ကီလိုလျှင် ပီဆို ၆၀ (၅၄၀ ကျပ် ဝန်းကျင်ခန့်) ဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၂ ခုနှစ် နှောင်းပိုင်းကာလများနှင့် ၂၀၂၃ ခုနှစ် အစောပိုင်းကာလများတွင် ကြက်သွန်နီ တစ်ကီလိုလျှင် ပီဆို ၇၀၀ (၄၉၀၀ ကျပ်ဝန်းကျင်ခန့်) ထိ မြင့်တက်ခဲ့ပြီး ပြည်တွင်းလက်ကျန်ပမာဏ လုံလောက်မှုမရှိခြင်းနှင့် ပြည်ပမှ တင်သွင်းမှုများ နှောင့်နှေးကြန့်ကြာခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ယခု ၂၀၂၄ ခုနှစ်တွင်မူ ကြက်သွန်နီအဓိက စိုက်ပျိုးသည့် Central Luzon ဒေသမှ စိုက်ပျိုးဧရိယာ ၁၀,၃၈၈ ဟက်တာရှိခဲ့ပြီး အထွက်နှုန်း ၄၀ ရာခိုင်နှုန်းခန့် တိုးမြှင့်ခဲ့ကြောင်း သိရသည်။

ယခုသက်တမ်းတိုးခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်မှာ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ကြက်သွန်နီတင်သွင်းခြင်းကို ယာယီရပ်ဆိုင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ဈေးကွက်တွင်း ကြက်သွန်နီလက်ကျန်အခြေအနေအား နေ့စဉ်စောင့်ကြည့်လျက်ပြီး ကုန်သည်များအနေဖြင့် ၎င်းတို့၏လက်ဝယ်ရှိ ကြက်သွန်နီများအား ဈေးကွက်တွင်းသို့ ဖြန့်ချိ ရောင်းချခြင်းမရှိဘဲ သိုလှောင်ဈေးကစားခြင်းကို ပြုလုပ်မည်ဆိုပါက ကြက်သွန်နီတင်သွင်းခွင့်အား ချက်ချင်းပြန်လည်ခွင့်ပြုပေး သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးက သတိပေးပြောကြားထားသည်။ ၅-၇-၂၀၂၄ ရက်က အအေးခန်းသိုလှောင်ရုံတွင် ကျန်ရှိနေသည့် ကြက်သွန်နီ လက်ကျန်ပမာဏမှာ မက်ထရစ်တန်ချိန် ၁၅၀,၀၀၀ ခန့်ရှိပြီး ပြည်တွင်းစိုက်ပျိုးထွက်ရှိမှုနှင့် ရောင်းချနိုင်သည့်ပမာဏသည် လာမည့် ၂၀၂၅ ခုနှစ်၊ မတ်လအထိ လုံလောက်မှုရှိကြောင်း ခန့်မှန်းထားသည်ကို လေ့လာသိရှိရပါကြောင်း တင်ပြအပ်ပါသည်။

Source: https://www.manilatimes.net/2024/07/16/business/top-business/onion-import-ban-extended-to-august/1957607

(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့) https://myantrade.gov.mm/

# STOCK EXCHANGE (17.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 12th Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,932 (Shares) | 41,925,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,500 | 740 | 6,312,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 6,345 | 21,255,750 | 38,929,150 | 130,413 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 131 | 1,074,200 | 10,400,986 | 85,288 |
| FPB | 00004 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 356 | 597,450 | 29,664,613 | 50,430 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,700 | 2,800 | 2,700 | 136 | 368,200 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 7,205 | 12,248,500 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 3,600 | +0 | +0.00% | 3,650 | 3,650 | 3,600 | 19 | 68,900 | 23,804,946 | 85,698 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 12th Jul. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.69 | +0.79 | +0.20% | 400.54 | 400.69 | 398.26 | 14,932 | 41,925,000 | 8 | 755,777 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 12th Jul. 2024

| Trading Volume | Trading Value |
|---|---|
| 14,932 (Shares) | 41,925,000 (MMK) |

### Main Board

As of 1:00 pm, 12th Jul. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,932 (Shares) | 41,925,000 (MMK) |

| MYANPIX | 400.69 ▲ 0.79 |
|---|---|
| Total Volume (shares) | 14,932 |
| Total Value (MMK) | 42 mil |
| Listed Company | 8 |
| Market Cap. (MMK) | 755,777 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,600 | ▲ 0 |